## OpenOffice.org 3.1 ကိုအခမဲ့

အခမဲ့ရယူအသုံးပြုနိုင်သည့် Open Source ဖြစ်သော Office Document ဖြစ်သည့် Open Office.org 3.1 ကိုထုတ်ပြန်လိုက်ရာ ၎င်းတွင်ကမ္ဘာ့ပထမဆုံးအနေဖြင့် မြန်မာဘာသာတရားဝင်ပါရှိလာပြီး အင်တာနက်မှ အခမဲ့ Download ရယူအသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ OpenOffice.org 3.1 တွင် Office Document များဖြစ်သော စာရေးသားခြင်း (Writer)၊ စာရင်းဇယားဆွဲခြင်း (Calc)၊ အချက်အလက်များသိမ်းဆည်းခြင်း (Base)၊ တင်ဆက်ပြသခြင်း(Impress) စသည်တို့ပါဝင်ပြီး အခြေခံအကျဆုံး အချက်အလက်အသစ်များပါရှိလာရာ စာရေးခြင်းတွင် မှတ်ချက်များရေးရာ၌ပိုကောင်းလာခြင်း၊ သဒ္ဒါစိစစ်မှု ပိုပြီးပြည့်စုံလာခြင်း၊ စာတန်းများအတွက် စာပိုဒ်ခွဲမှုအဆင့် ပိုများလာခြင်း၊ တွက်ချက်ခြင်းတွင် အသုံး များသော ဖော်မြူလာညွှန်းချက်များနှင့် ဖော်မြူလာများအတွက် ပိုမိုကောင်းမွန်သော နည်းစနစ်အသစ်များပါဝင်လာခြင်း စသည့် အချက်အလက်အသစ်များပါရှိလာခြင်း၊ ပုံထုတ်အင်ဂျင်ပြုလုပ်ရာတွင် သိပ္ပံနှင့် ပညာရေးအသုံးချမှုများအတွက် ဝင်ရိုးနေရာကို လွယ်ကူစွာသတ်မှတ်ပေးနိုင်ခြင်းနှင့် ပျောက်ဆုံးနေသောအချက်အလက်များကို အလွယ်တကူကိုင်တွယ်နိုင်ခြင်း၊ တင်ဆက်ပြသမှုတွင် ဖောင့်အရွယ်အစားများ ပြုလုပ်လာနိုင်ခြင်း၊ Data  အခြေခံများအနေဖြင့် SQL ဘာသာစကားစည်းမျဉ်းဆိုင်ရာကို အထူးဖော်ပြလာနိုင်ခြင်းနှင့် Macro အသုံးချစရာများကို အလွယ်တကူနေရာချပေးလာနိုင်ခြင်းတို့အပြင် လုံခြုံမှုစနစ်တွင် ပိုမိုကောင်းမွန်သော ဖိုင်သော့ခတ်စနစ် ပါရှိလာကြောင်းသိရသည်။

“The OpenOffice.org Community” ဟာ OpenOffice.org ခေါ် နာမည်အကြီးဆုံး လူတိုင်းသုံးနိုင်တဲ့ ရုံးသုံးပရိုဂရမ်ကို တီထွင်ပြုစုရန်၊ ဘာသာပြန်ပေးရန်နှင့် မြှင့်တင်ပေးရန် အားထုတ်နေကြတဲ့အဖွဲ့ဖြစ်ပါတယ်။ OpenOffice.org ဟာ Open Document Format OASIS Standard (ISO/JEC 26300) နဲ့ Microsoft Office လို ရုံးသုံးပုံစံတွေကိုအသုံးပြုလျက်ရှိပြီး အဓိကအကျဆုံး ကွန်ပျူတာပလက်ဖောင်းတွေမှာ ဘာသာစကား ၉ဝ ကျော်တို့ဖြင့် အသုံးပြုနိုင်ပါတယ်။ အခုထွက်ရှိလာတဲ့ OpenOffice.org 3.1 မှာ မြန်မာဘာသာ ပထမဆုံးတရားဝင်ပါရှိလာတာဖြစ်ပြီး မြန်မာဘာသာလက္ခဏာတွေအနေနဲ့ ပြက္ခဒိန်မှရက်တွေကို မြန်မာလိုတွက်ခြင်း၊ အစီ အစဉ်လုပ်ခြင်း (Sorting)၊ စာလုံးပေါင်းစစ်ခြင်း စတာတွေပါရှိလာပါတယ်” ဟု OpenOffice.org ၏ မြန်မာဘာသာပရောဂျက် (my.openoffice.org) ခေါင်းဆောင် ကိုပဏ္ဍကိုကိုက အင်တာနက်ဂျာနယ်သို့ပြောသည်။

အဆိုပါ OpenOffice.org 3.1  ကို http://download.openoffice.org  တွင် အခမဲ့ download ရယူနိုင်ပြီး အသစ်ပါဝင်လာ သောအချက်အလက်များအတွက် လမ်းညွှန်ချက်များကို http://www.openoffice.org/devdocs/features/3.1/index.html  တွင် ဝင်ရောက်လေ့လာနိုင်ကြောင်းသိရသည်။

OpenOffice.org Community အနေဖြင့် ၂၀၀၈ ခုနှစ် အောက်တိုဘာလအတွင်းက Open Office.org

3.0 ကိုထုတ်ပြန်ခဲ့ရာ OpenOffice.org ဝက်ဘ်ဆိုက်တစ်ခုတည်း၌ပင် အကြိမ်ပေါင်းသန်းငါးဆယ်ကျော် Download ရယူခဲ့ကြကြောင်းသိရသည်။